

# ည

ခွန်းဆက်

# အပိုင်း (၁)

"သားရေ ... ညအလင်း ... သား ည ထစမ်း မိုးလင်းနေပြီလေ ဒေါ်လေးချို တို့အိမ်ကို သွားရဦးမယ်လေ ..."

ဆူညံစွာ အော်နှိုးနေတဲ့ မေမေ့အသံကြောင့် ကျွန်တော့်မျက်လုံးများ မဖွင့်ချင်ပေမယ့် ဖွင့်လိုက်ရသည်။ စိတ်ညစ်လိုက်တာ အိပ်ကောင်းခြင်းနဲ့ကို မအိပ်ရဘူး။

"အမေကလည်း ဒီနေ့မှ ကျောင်းပိတ်လို့ အိပ်နေတာကို ... ဘာမှန်းလည်း မသိဘူး ..."

"ဒီနေ့ သားနဲ့ ငယ်ငယ်ကအတူဆော့တဲ့ သားကိုကို ပြန်လာမှာလေ သား ရယ် ထတော့နော် ..."

ညဥ့်နက်တဲ့အထိ ဂိမ်းဆော့ထားလို့ အိပ်ချင်ပါတယ်ဆို မေမေကတော့ အတင်းကို နှိုးနေတော့တာပဲ။ ကျွန်တော် မထဘဲ လူးလှိမ့်ကာ မေမေ့ကို ပြန်ပြောနေမိသည်။

"မေမေကလည်း ဟိုးမမှတ်မိတဲ့ အတိတ်ကလူ ပြန်လာတာ သားက ဘာ လုပ်ရမှာလဲ ခဏလောက်ပဲ ထပ်အိပ်ပါရစေနော် ..."

ပြောရင်း ခေါင်းမြီးခြုံကာ အိပ်လိုက်ပါသည်။ ထိုစဉ် ဘယ်အချိန် ကတည်းက အပေါ်ထပ် ရောက်နေလဲမသိ။ အခန်းထဲ ဝင်လာတာတောင်

သတိမထားလိုက်ပါ။ ထိုစဉ် ...

"ဖြန်း ..."

အသံနဲ့ထပ်တူကျလာသော နာကျင်မှုက ဘယ်ဘက်တင်ပါးထက်ဆီသို့ ...

"အား ... အီး ... မေမေကလည်း ဘာမှန်းလဲသိဘူး နာသွားပြီး အီး ..."

နာလို့ ထထိုင်ကာ ကလေးတစ်ယောက်လို တင်ပါးကိုပွတ်ကာ ငိုနေမိတော့သည်။ ထိုစဉ် အခန်းတံခါးပွင့်လာပြီး အသည်းအသန် ကျွန်တော့်နားရောက်လာသူကတော့ အန်တီချိုပါ ဟိုဘက်အိမ်က အန်တီချို။

"မမကလည်း သားလေးကို ... ဒေါ်လေးရဲ့ညကလေး အရမ်းနာသွားလား ..."

"အင်း ..."

မျက်နှာကြီးကို မဲ့ပြကာ ခေါင်းညိတ်ပြလိုက်တော့ ဒေါ်လေးက နာနေတဲ့ တင်ပါးကိုပုတ်ကာ ...

"ကဲ ညကလေး ထတော့ မျက်နှာသစ်သွားတိုက် ဒေါ်လေး ရေပါလိုက်ချိုးပေးရမလား ..."

"အား ... ဒေါ်လေးချိုကလည်း သား ကလေးမှမဟုတ်တာ ..."

ငယ်ငယ်က ဒေါ်လေး ရေချိုးပေးမှ ချိုးပေမယ့် ခုတော့ မဖြစ်ပါ ကျွန်တော် အရွယ်ရောက်နေပြီ ဖြစ်သည်။

"ဒေါ်လေးအတွက်တော့ အမြဲကလေးလေးပဲ မြန်မြန်ဆင်းလာနော် ..."

"ဟုတ်ဒေါ်လေး ..."

အောက်ထပ်ဆင်းလာပြီး ဒေါ်လေးရယ် မေမေရယ် ရှေ့ကနေ စိတ်ဆိုးဆိုးနဲ့ ဆောင့်အောင့်ကာ ထွက်လာခဲ့တော့သည်။

"ညီမရေ တွေ့တယ်မလား လုပ်သွားပုံကို ..."

"သားညက ချစ်ဖို့ကောင်းပါတယ် အစ်မရဲ့ ... ကလေးစိတ်လေး မကုန်သေးတာပဲရှိတာ ..."

ရေချိုးပြီး အဝတ်စားလဲပြီးတာနဲ့ ဒေါ်လေးချိုတို့ရှိရာ ခြံဘက်သို့ ထွက်လာခဲ့သည်။

ဒေါ်လေးတို့ခြံထဲ မဝင်ခင် တံခါးအပြင်ကနေ ချောင်းလိုက်သည်။ တံခါးကသော့မခတ်ထားပေမယ့် ကိုကိုဆိုတဲ့လူကို သိချင်လို့ မဝင်ဘဲ စပ်စုလိုက်သည်။ ထိုစဉ် ဘယ်အချိန်ကတည်းက ခြံတံခါးဘေးက ထွက်လာလဲမသိ။ ဖုန်းကြီးကိုင်ထားရင်း လက်ကလည်း ဆေးလိပ်ဖွာရင်း ...

"ဘာလဲ အလျှူခံလား အကြွေမရှိဘူး ..."

ကြားမိတဲ့နားတောင် မယုံနိုင်။ ငါ့ပုံက အလျှူခံပုံ ပေါက်နေလို့လား။ အလျှူခံဖြစ်ရင်တောင် တိုက်နဲ့အိမ်နဲ့ ချမ်းသာသေးတာပဲ အလျှူထည့်ပေါ့။ ဘာတဲ့အကြွေမရှိဘူးတဲ့။ စာနာစိတ်တောင် မရှိတဲ့လူပါလား။ သေချာတယ် သူက ဒေါ်လေးချိုပြောတဲ့ ကိုကိုဆိုတဲ့ လူပဲနေမှာ။

"ဘာဗျ ... ဘာပြောလိုက်တယ် ..."

လူကို ဂျစ်တစ်တစ်ပြောလာတဲ့ ထိုလူကို ဒေါကန်မိသည်။ သူကတော့ ကိုင်ထားတဲ့ ဖုန်းကို သူ့နား အနားကနေ ခွာလိုက်ကာ ဆေးလိပ်တစ်ချက်ဖွာရင်း ...

"အလျှူခံမဟုတ်ဘူးလား..."

ခပ်မာမာလေသံဖြင့် မေးလာတာကြောင့် ကျွန်တော် ပိုလို့စိတ်တိုမိသည်။ အသားတွေ တုန်လာရသည်။

"မဟုတ်ဘူး ... ခင်ဗျားကရော ဘာလဲ အိမ်ဖော်လား ခြံစောင့်လား ..."

အမြင်ကတ်ပုဒ်မနဲ့ ကိုကိုဆိုတဲ့လူမှန်းသိလို့ ရွဲ့မေးလိုက်သည်။ ငါက အလှူခံဆို သူက ခြံစောင့်ပေ့ါ ရမလား။

ထိုစဉ် သူ့မျက်နှာဖြူဖြူမှ မျက်ခုံးမည်းမည်းထူထူတို့ အလယ်ကိုဆိုင်ကာ ကွေးညွတ်သွားသည်။ စူးရှတဲ့ မျက်ဝန်းနက်နက်တို့က ကြက်သီးထလောက်အောင် စိုက်ကြည့်နေသည်။ နှုတ်ခမ်း နီညိုရောင် ပါးပါးလှပ်လှပ်မှ ...

"ငါ့ရုပ်က ခြံစောင့်ရုပ်လား မင်းက မမြင်တာလား မှုန်နေတာလား ... ကန်းနေတာလား ..."

ကန်းနေတာတဲ့လား ... အား ဒေါသတွေ ထွက်လိုက်တာကွာ ဒီလူကြီး တစ်စစီ ဆွဲဖြဲခံရတော့မယ်။

ကျွန်တော်လည်း ဒေါသတွေကို အံကြိတ်မျိုသိပ်ရင်း ...

"ကျွန်တော်က ကန်းနေတာမဟုတ်ဘူး ဒီက လူဆိုးလား လူကောင်းလား ... လူ့အပေအတေလားဆိုတာ အမြင်နဲ့ဆုံးဖြတ်မရလို့ မေးကြည့်တာလေ ရုပ်လေးအဆင်ပြေတိုင်း ခြံစောင့် မဖြစ်စရာလား ..."

"ဘာကွ ဟော့ကောင် မင်းကတော့ ..."

"ဘာလဲ ဘာလဲချမလား ... လာလေ ... လာ"

လက်သီးလက်မောင်းတန်းကာဖြင့် စိန်ခေါ်နေမိသည်။ လာလိုက်လေ ည အလင်းတို့က လူသာ အကောင်သေးမယ် ကြောက်ရိုးထုံးစံမရှိဘူး။ ရှည်နေတဲ့အရုပ်ကို သုံးခေါက်ခေါက်ပြီး အရိုးပါ ချိုးလိုက်မယ်။ ထိုစဉ် ...

"ဟဲ့ ဘာဖြစ်ကြတာတုံး ... သားလရောင် ဒါမင်းညီ ညအလင်းလေ ညီအစ်ကိုချင်းကိုကွယ် ..."

"မတော်ချင်ပါဘူး ..."

ကျွန်တော် ပြောဆိုကာ ခြံထဲဝင်လာလိုက်ပြီး ဒေါ်လေးတို့အိမ်ထဲ သူ့ကို ကျော်၍ ဝင်သွားလိုက်သည်။ မတော်ချင်ပါဘူး ဒီလောက် လူ့ခွကျ လူ့ခွစာ လူ့ခွ ... ဘာရှိသေးလဲဟ။

***

လရောင်မင်း

အိမ်ပြန်ရောက်ကတည်းက ခင့်ဆီ ဖုန်းလှမ်းဆက်နေရသည်။ မြန်မာပြည် ပြန်ရောက်ပြီ ဆိုကြောင်းကိုလေ။ သူကတော့ နောက်တစ်လနေမှ ပြန်လာမယ်ဆိုတာကြောင့် ကျွန်တော်လည်း ဖုန်းနဲ့ အလွမ်းသယ်ရခြင်းပါ။

ခင့်နာမည်က မေဖြိုးခင်တဲ့ ချစ်လွန်းလို့ ခင်တစ်လုံးတည်းသာ ထည့်ခေါ်ခြင်းဖြစ်သည်။ ခင်က လှတယ် ဆံပင်ရှည်ကြီးကို ပိုင်ဆိုင်ထားတာက ကျွန်တော့် အကြိုက်။

ခင်က ဝတ်လိုက်ရင် မြန်မာဆန်တယ်။ သူများနိုင်ငံမှာဆိုပေမယ့် ဘောင်းဘီဝတ်ရင်တောင် အတိုအပြတ် မဝတ်တတ်ဘူး ရိုးရှင်းတာကို ခင်ကကြိုက်သည်။

ခင်က မြန်မာဆန်ပေမယ့် ထက်မြက်တယ် ရင့်ကျက်တယ် တည်ငြိမ်တယ်။ ပြီးတော့ ယုံကြည်မှု ပြင်းထန်တယ်လေ။ ကျွန်တော့်ကိုတောင် သူ့အသိဦးလေးဆီမှာ အချိန်ပိုင်းအလုပ် သွင်းပေးလို့ ကျောင်းတက်ရင်းစီးပွားရေး လုပ်မိလာတာဖြစ်သည်။

ခင်နဲ့ပြောနေတုန်း ခင်က အလုပ်များနေပုံရတာကြောင့် ခဏစောင့်နေလိုက်သည်။ စောင့်နေတုန်း ခြံရှေ့ရစ်သီရစ်သီလုပ်နေတဲ့ ကောင်လေးတစ်ယောက် အသားဖြူဖွေးဖွေးနဲ့ မျက်လုံးဝိုင်းဝိုင်း နှာတံထင်းထင်း နှုတ်ခမ်းဖူးဖူးနဲ့ ကောင်လေးတစ်ယောက်။

ခင့်ဆီဖုန်းဆက်တာ ဖုန်းချသွားတာကြောင့် ဒေါကန်ပြီး သူက ရစ်သီရစ်သီလုပ်နေတာ မပြီးသေးတာကြောင့် သူ့ကိုမဲကာ ပြောလိုက်သည်။ ပြောတော့ ကက်ကက်လန်အောင် ရန်ပြန်တွေ့နေတဲ့ ကောင်လေး စောက်အရပ်ပုသလောက် ရန်စွာလိုက်တာ။

လက်သီးလက်မောင်းတန်းပြီးတော့တောင် ချမလား စိန်ခေါ်နေသေးတယ်။ ကုပ်ကဆွဲပြီး မြောင်းထဲပစ်ချလိုက်လို့ ရေမရှိတဲ့မြောင်းထဲ အသက်မရှူနိုင်ဘဲ နစ်သေသွားမယ်။

သူစွာကိုယ်စွာလုပ်နေတုန်း မေမေတို့ ရောက်လာတာကြောင့် သူဘယ်သူလဲဆိုတာ သိလိုက်ရသည်။ နောက်ဆုံး အမေတို့ရှိနေတာတောင် ရန်စွာသွားသေးတယ် ငယ်ငယ်တုန်းကနဲ့များ တခြားစီပဲ။

ငယ်ငယ်ကဖြင့် ကျွန်တော် ဘယ်သွားသွား ဘာလုပ်လုပ် အင်္ကျီစကိုဆွဲကာ ခိုခိုနဲ့ မပီကလာပီကလာ ခေါ်နေတတ်တဲ့ အကောင်ပေါက်လေး။ အကောင်ပေါက်လေးက ပုပုလုံးလုံးနဲ့ ကျွန်တော် သနပ်ခါးကြိုက်တယ်ဆိုလို့ သူ့အမေကို ပူဆာပြီး တငိုငိုတရီရီနဲ့ မျက်နှာအပြည့် လိမ်းတတ်တဲ့ ကလေးက ခုတော့လည်း ပြန်စွာနိုင်တဲ့အရွယ် ရောက်လာပြီပေါ့။

အမေနဲ့ဒေါ်လေးက တစ်ခုံ ဖေဖေကတစ်ခုံ ထိုင်နေသည်။ ကျွန်တော့်အတွက် နေရာလွတ်ဆိုလို့ စွာတေးလန်ဘေးနားပဲ ရှိတာမို့ သူ့ဘေးကပ်ထိုင်ကာ ခပ်တည်တည်ပဲ နေလိုက်သည်။ အမယ် မျက်စောင်းနဲ့တောင် အထိုးခံရသေးတယ်ဗျ။ တော်သေးတာ နဂါးမဟုတ်လို့ မဟုတ်ရင် ပြာကျနေဦးမှာလေ။

မစွာသာမစွာရင် မင်းက ငယ်ငယ်ကလို ချစ်ဖို့ကောင်းမှာ။

"ကဲ သားတွေ မိတ်ဆက်ရအောင် တစ်ယောက်နဲ့ တစ်ယောက် မမှတ်မိကြဘူးဆိုတော့ ..."

"ညအလင်းပါ ..."

ကြည့် နူတ်ဆက်တာတောင် ရိုင်းစိုင်းနေတာ။

"လရောင်မင်း ..."

"ဟဲ့ နူတ်ဆက်တာကို စစ်ဖြစ်တဲ့နိုင်ငံတွေ လိုချင်တာမရလို့ မကျေနပ်တဲ့ လေသံနဲ့ မိတ်ဆက်နေသလိုပဲ ..."

"တွေ့ရတာ ဝမ်းသာတယ် ..."

"သားလည်းတူတူပဲ ..."

မျက်နှာချင်းသာမဆိုင်တယ် နူတ်ဆက်တာတော့ သားတဲ့ ငယ်ငယ်ကလို သူ့ကိုယ်သူ သားလို့ ခေါ်နေတုန်းပဲပေါ့။ မဆိုးပါဘူး။

"ကဲပါ သားငယ်လေး မင်းကိုကိုနဲ့အတူ မင်းကိုကိုအခန်း ရှင်းပေးလိုက် မြန်မြန် ..."

"မေမေကလည်း ..."

အခန်းရှင်းခိုင်းတော့ မျက်နှာလေး စူပုပ်ပုတ်ဖြင့်။ ကောင်းတယ် ငါနေမယ့်အခန်း ရှင်းလိုက်။

***

# အပိုင်း (၂)

ညအလင်း

တစ်နေ့လုံး မေမေ့ကို စကားမပြောပါ။ ဘာလို့လဲဆိုတော့ အရမ်းခိုင်းတာပဲ။ သူ့ဘာသာသူ သူအိမ်ပြန်လာတာပဲ သူ့အခန်း သူရှင်းပေါ့ သူများက ရှင်းပေးရတယ် ရှိသေးတယ်။

အဲလောက် အဲဒီလူကြီးကို ချစ်နေရင်လည်း ကိုယ့်ဘာသာ လုပ်ပေးလိုက်ကြပါလား မပြောကို မပြောချင်ဘူး။

ခုလည်းကြည့် သူများက သူ့အခန်းကို သန့်ရှင်းရေးလုပ်ပေးနေတယ် သူကတော့ ခုံမှာ ထိုင်ပြီး သူ့ဟာမနဲ့ အီနေတယ်လေ။ အန်ချင်လိုက်တာ အီလည်လည်ကြီး ငါ့ကိုပြောခဲ့တဲ့ အသံနဲ့များ တခြားစီပဲ။ မြန်မြန်လုပ်ပြီး အိမ်ကိုသာ ပြန်လာလိုက်တယ်။

စိတ်ဆိုးပြီး အိပ်သွားတယ် ဘယ်ချိန်ကတည်းကလဲ မသိဘူး။ နားထဲ အသံတစ်ခု ကျယ်လောင်စွာ မြည်လာမှ နိုးတော့သည်။

"အား ..."

ဒေါ်လေးက ညနေစာစားဖို့ သူ့အိမ်လာခိုင်းတာကြောင့် ရောက်လာတာ သူနဲ့မေမေက စားပွဲပြင်ရမှာမို့လို့တဲ့လေ ဟိုကောင်လေး ညကို သွားနှိုးပါဆိုလို့ လာနှိုးတာဖြစ်သည်။

ထိုညဆိုတဲ့ ကောင်လေးက ဘေးနား အော်နှိုးလည်းမနိုး။ အသားလှုပ်တော့လည်း အသေကောင်ပမာ မထ ထို့ကြောင့် သူ့နားနားကပ်ပြီး အော်လိုက်တော့မှ အလန့်တကြား ကုန်းထတော့သည်။ ပြီးနောက် ...

"အမယ်လေးဗျာ ဘယ်နေရာ မီးလောင်လို့လဲ ကယ်ကြပါဦး ..."

နိုးတာ ယောင်ပြီး ပေါက်ကရပြောနေတာကြောင့် အားရပါးရ အော်ရယ်လိုက်မိသည်။

"ဟား ...."

ညအလင်း ယောင်ပြီးပြောလိုက်တာကို ထိုလူကြီးလရောင်မင်းက တဟားဟားနဲ့ ရယ်နေတော့သည်။ ဒေါသတွေထွက်လာမိသည်။ သူများအိပ်နေတာကို အလိုက်ကမ်းဆိုးမသိ လာအော်နေသည်။

"ခင်ဗျား ခင်ဗျား ဘာလုပ်တာလဲ အလန့်တကြား ... အာပြဲကြီးနဲ့ ..."

"ဟား မင်းကိုနှိုးတာပဲလေ လူလိုနှိုးလို့မထတာ အဲဒါကြောင့် အခုလိုအော်နှိုးတာ ..."

လူယုတ်မာကြီး။ ရုပ်ကိုက ဒဿဂီရိနဲ့ ဒေဝဒတ်မျိုးနွယ်ကနေ ဆင်းသက်လာတဲ့ ရုပ်မျိုးနဲ့။ ဒေါသထွက်ထွက်နဲ့ ညအလင်း မိမိရဲ့ဖက်လုံးကို ခုတင်ပေါ်ကနေ ကန်ထုတ်လိုက်ပါသည်။

မဲနည်းတစ်မျိုးပေ့ါ။ သူ့သွားရိုက်ရင် သူဗလနဲ့ တစ်စစီဖြစ်မှာလေ။

"တောက် ... စောက်ဖက်လုံး ရုပ်ကိုက ဒေဝဒတ်လိုလို ဒဿဂီရိလိုလို အဇာတသတ်လိုလို ရုပ်မျိုးပဲ ..."

လရောင်မင်း နားထဲကြားလိုက်ရတဲ့ ထိုကောင်လေးစကားကြောင့် ဒေါသတွေ ထွက်လာရသည်။ မိမိအား ရှိသမျှ ဗီလိန်ကြီးတွေနဲ့ စောင်းပြောနေတာ သိသည်။

"ဘာကွ ဖက်လုံးမှာ မျက်နှာပါလို့လား မင်း ... မင်း ငါ့ကို စောင်းပြောနေတာလားကွ ..."

ခုတင်ပေါ်မှဆင်းပြီး အခန်းတံခါးကိုဖွင့်ကာ အပြင်ကို ညအလင်း ကိုယ်တစ်ဝက် ထွက်နေတုန်း သူက ...

"ဟော့ မင်းပြောခဲ့လေ ငါ့ကို စောင်းပြောတာလားကွ ... ဟုတ်တယ်မလားကွ ..."

"ကျွန်တော် ခင်ဗျားကို ပြောမိလို့လား မပြောမိပါဘူးနော် အိုးမလုံဖင်ဆိမ့်မနေနဲ့ ဟ ဟ ဟား ..."

မျက်နှာပြောင် အနိုင်ပိုင်းကာ အောက်ထပ်ကို ပြေးဆင်းလာလိုက်သည်။

ငါ့များ ပြောချင်တာ ပြောပြီး ပြေးဆင်းတယ်ပေါ့ တွေ့ဦးမှာ မင်းကတော့လား လရောင်မင်း စိတ်ထဲက ဒေါသတွေမျိုသိပ်ကာ အောက်ထပ်ကို ဆင်းလာခဲ့လိုက်သည်။

ကိုယ့်ခွင်က စတော့မှာလေ ထိုကောင်လေးဘေးကခုံမှာ ဝင်ထိုင်လိုက်သည်။ ညဆိုတဲ့ ကောင်စုတ်လေး မင်းတွေ့မယ်။

"သြော် ... သားတို့ ရောက်ပြီလား ..."

ဟိုကောင်လေး အမေဖြစ်သူ ဒေါ်လေးမေးလာတာကြောင့် လရောင်မင်း ...

"ဟုတ်ကဲ့ ဒေါ်လေး ..."

"ကဲ ကိုညိုက အလုပ်မှာဆိုတော့ ညနေမှပဲ ညီမအိမ်မှာ ညစာစားကြတာပေါ့ မမ ..."

"သြော် ... အင်းပါ ညီမလေးရဲ့ ကဲသားတို့ စားကြ စားကြ ..."

ကိုညိုဆိုတာ လရောင်မင်း ဖေဖေ ဦးညိုလင်းမောင် ဖြစ်သည်။ ဟို

ကလေး ညအလင်း အဖေကတော့ ဆုံးသွားပြီလေ သူငယ်ငယ်တည်းက ဖြစ်သည်။ အဲဒါတစ်ခုတော့ ကျွန်တော် သူ့ကို သနားတယ်။

ကျွန်တော်လည်း ခွင်စရတော့မယ်လေ။

"ဝါး ... ဒေါ်လေး ငါးပိရည်လေးမွှေးနေတာပဲ မစားရတာကြာပြီဗျာ ..."

"ဪ အေး ... သားလရောင် စားနော် ..."

"ဟုတ် ဪ ညီလေးည မွှေးတယ်မလား ရော့ကွာ စားကြည့် ..."

ပါးစပ်လေးအဟောင်းသားနဲ့ ကြည့်နေတဲ့ ထိုကောင်လေး။ သိနေတယ် ဒီကောင် ငယ်ငယ်တည်းက အစပ်မစားနိုင်တာ။

"ဟယ် လရောင် သားလေးညက အစပ်မစားနိုင်ဘူးလေကွယ် မေ့နေတာလား မင်းညီလေး အစပ်မစားတာ ..."

"ဟာ မေမေကလည်း ယောက်ကျားလေးပဲ ဒီအစပ်လောက်ကတော့ ခံနိုင်ရမှာပေါ့ ...

"ယောကျ်ားတိုင်း အစပ်စားရမယ်လို့ ဘယ်သူ အမိန့်ချထားလို့လဲ ကိုကြီးလရောင်ရဲ့ ..."

အံကြိတ်သံနဲ့ ပြောနေတာကြောင့် ဒီကောင်လေးည ဒေါကန်နေပြီဆိုတာ သိနေတယ်လေ။

"ညီလေးညကလည်း အစ်ကိုက စေတနာနဲ့ ငါ့ညီကို ယောကျ်ားပီပီသသ စားနိုင်အောင်ပါ ယောကျ်ားလေးတွေက အစပ်စားနိုင်ရတယ်လေကွာ ..."

"စားရမှာပေါ့ စား ... စားရမှာပေါ့ ..."

ချွေးဒီးဒီးကျကာ စားနေသော ကောင်စုတ်လေး။ မာနကြီးလှချည်လား။

မေမေနဲ့ဒေါ်လေးကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပွဲကြည့်ပရိသတ် လုပ်နေကြရတော့သည်။

မျက်နှာတစ်ခုလုံး ပူနေပေမယ့် ဟိုလူကြီးကို အလျှော့မပေးချင်လို့ မနည်းစားနေရသည်။ တွေ့မယ်တွေ့မယ် လူယုတ်မာကြီး။ မေမေပြောတာ မှတ်မိလိုက်သေးတယ်။ သူပြန်မလာခင် တစ်ရက်လောက်က ထမင်းစားဝိုင်းမှာ သူ့အကြောင်း အမွှမ်းတင်ရင်း သူ ဘာအစားအစာ မကြိုက်လဲ ဆိုတာလေ။ ညအလင်း စိတ်ထဲကြုံးဝါးရင်း လူယုတ်မာအပြုံးကို စပ်နေတဲ့ကြားက ပြုံးလိုက်သည်။

ကျွန်တော်က ကြက်ဟင်းခါးသီးကြိုက်လို့ မေမေက ချက်ထားတာကြောင့်။ ဟွန်း ... တွေ့မယ် ကိုကြီး ... လ ... ရောင် ... မင်း။

ကြက်ဟင်းခါးသီးနှပ်ကို ခပ်လိုက်ကာ ကိုယ့်ပန်းကန်ထဲ ထည့်မလိုလိုနဲ့ မထည့်သေးပဲ။

"ဩော် မေ့နေတာ ကိုကြီးလရောင် ထည့်ပေးတာ ညီလေးက စားနေပြီးအလိုက်မသိသလို ဖြစ်နေပါပြီဗျာ ကဲရော့ ထပ်ထည့်ပေးမယ် ရော့ ..."

ထပ်ပြီး ခပ်ထည့်ပေးလိုက်တော့သည်။

မျက်နှာကြီး မည်းကျသွားတာပဲ။ နဂိုမည်းပေမယ့် ညိုတဲ့သူ့မျက်နှာ ခုမှမည်းသွားတော့တယ်။ မျက်နှာမည်းကြီး ကြက်ဟင်းခါးသီးလေး စားလိုက်ပါဦးနော်ဟု စိတ်ထဲတွင် အားရပါး ကြုံးဝါးလိုက်ပြန်သည်။

"အယ် သားတို့ ..."

"ဗျာ မေမေ ကိုကြီးက အခါးမကြိုက်တာ သိပါတယ် ကိုကြီးထက်ငယ်တဲ့ သားတောင် စားသေးတာပဲ ကိုကြီးစားနော် အခါးက ကျန်းမာရေးကောင်းတယ်လေ နော်လို့ ..."

"ဒါပေ့ါကွာ ဒါ ... ပေ့ါ ... အဟင်းဟင်း ..."

အပြစ်ကင်းသယောင် မျက်တောင်လေးကို ပုတ်ခတ်ပုတ်ခတ် လုပ်ပြ

လိုက်တော့သည်။

***

လရောင်မင်း

"ဝါး ... ဟား ... ဟား ... ဝါး ... ဟား ..."

"ဟာကွာ ဒီဖုန်းကတော့ ..."

အိပ်နေရင်း ဆူညံစွာမြည်လာတဲ့ ဖုန်းသံကို လရောင်တစ်ယောက် ညည်းညူကာ ထကိုင်လိုက်သည်။

"ဟဲလို ..."

"အေး ငါမင်းပထွေး ဘယ်ချိန်ရှိပြီလဲကွ ..."

"ဟာကွာ ငိုးမသားကတော့ ..."

ငထွန်း ဖုန်းဆက်ပြီးလာကောနေလို့ ဆဲပစ်လိုက်သည်။ ဆဲရင်း ခုတင်ပေါ်မှထကာ ရေချိုးခန်းဘက် ဝင်လိုက်တော့သည်။

"ဘောပဲ မင်း ငါတို့နဲ့ချိန်းထားတယ်လေ လူစုံနေပြီ မင်း ဘာလုပ်နေတာလဲကွ ..."

အား ... မေ့သွားတာ သူတို့ချိန်းထားတာကို ပြန်ရောက်ပြီး နောက်အပတ်ဘော်ဒါတွေ စုံမယ်ဆိုပြီး ကိုယ်ကပဲ ဦးစီးပြီး ချိန်းခဲ့တာလေ။ ခုတော့ကိုယ်တိုင်က မေ့နေလေရဲ့။

"အေးပါကွာ လာခဲ့မယ် စောင့်ဦး မျိုချင်ကြရင် ..."

"ငိုးလေး စိတ်ကြီးနေတာ မမနဲ့ ခဏခွဲရတော့ ..."

"နေပါကွာ ငါ့မမက နောက်လပြန်လာမှာကွ ဒါပဲ ..."

"ဟား ... အေးပါကွာ အေးပါ ..."

သူပြောလို့ မျက်နှာသစ်ရင်း အတွေးက မမဆီရောက်သွားသည်။ ပြန်ရောက်တော့ ဖုန်းဆက်ပြီးကတည်းက မမဖုန်းမဆက်တော့တာ တစ်ပတ်ရှိပြီ။ ကျွန်တော်က ဆက်လိုက်လည်း သူက မအားလို့ ပင်ပန်းလို့ဆိုပြီး ပြန်ပြန်ချသွားတယ်လေ။

မမ နောက်တစ်ယောက် ... အား ... မမက မြန်မာဆန်တဲ့ မိန်းကလေးပဲလေ အဲဒီလိုစိတ်မျိုး မရှိလောက်ပါဘူး ... ဖောက်ပြန်နေတယ်ဆိုတဲ့ အတွေးကို ရေထဲလွှင့်ပစ်လိုက်ရသည်။

စိတ်ထဲတွေးရင်း အပြတ်ပြင်ဆင်လိုက်ကာ အောက်ထပ် ဆင်းလာလိုက်သည်။

"ဟဲ့ သားလေး ဒါက ဘယ်လဲ ..."

"ငထွန်းတို့နဲ့ သွားတွေ့မလို့ ..."

"ဩော် အေး ... မင်းသူငယ်ချင်း မိန်းမခိုးသွားတာ သိပြီးပြီလား ..."

"ဟုတ်ကဲ့ အဲဒီကောင် ပြောပြပါတယ် ..."

"မောနင်း မာမား ဒေါ်ဒေါ် အသည်းကြီးရေ ..."

"ဟော့ ..."

စလာပါပြီ သောက်အသံက ကလေးလိုလို ခွေးလိုလိုနဲ့။ သူ့မြင်ရတာ ပါးစပ်ပါ ခါးလာတယ်။ အရင်အပတ်က အခါးဓာတ်မပြေသေးဘူးကိုး။ ကျွန်တော် ထွက်သွားမယ်လုပ်တော့။

"အယ် မနေ့က သားငယ်လေး ပြောတယ်မလား ပျင်းလို့ဆို မင်းအစ်ကို လရောင်နဲ့ လိုက်သွား သူငယ်ချင်းနဲ့ တွေ့မလို့တဲ့ ..."

"ယေး ... တကယ်လား ..."

"မင်း ဘယ်သူက ခေါ်လို့လဲ ..."

"သားကလည်း သားငယ်လေးက ကျောင်းပြီးတုန်းလေး ခဏသွားရတာ ခေါ်သွားလိုက်ပါကွယ် ..."

"သား မင်းညီကိုခေါ်သွားလိုက် လိုတဲ့မုန့်ဖိုး အဖေ ထည့်ပေးလိုက်မယ် ..."

မုန့်ဖိုးဆိုလို့ မျက်လုံးတောင် ကျယ်သွားသည်။

"လိုက်ခဲ့ ..."

"ယေး ... ဒါမှ ပါပါးနဲ့မာမား ..."

စောက်ကလေး မုန့်ဖိုးကြောင့်ပေ့ါကွာ မုန့်ဖိုးကြောင့်သာ မဟုတ်ရင်တော့ မင်းလို အရှုပ်ကို မခေါ်ဘူး။

သူ့ကိုခေါ်ကာ ဟိုကောင်တွေနဲ့ချိန်းထားတဲ့ ဆိုင်ကို အရောက်လာခဲ့တော့သည်။ ကားမောင်းနေရင်း အကွေ့အရောက် ရပ်ဖို့အရှိန်လျှော့ကာ ပြင်လိုက်ချိန် ဘယ်ကမှန်းမသိတဲ့ကား လမ်းတစ်ဖက်က ထွက်လာသည်။

"ဒုန်း ..."

ထိုကားအရှိန်ကြောင့် ကားရှေ့ မီးသီးထောင့်နေရာ ထိသွားသည် ထင်သည်။ ဇာတ်တောင် အတော်နာသွားသည်။

ထိုစဉ် ကားပေါ်က ဘဲကြီးတစ်ယောက် ဆင်းလာပြီး။

***

## အပိုင်း (၃)

ညအလင်း

ကားစမောင်းကတည်းက စူပုပ်နေတဲ့ မျက်နှာကြီးဖြင့် ပျင်းလို့သာ လိုက်ခဲ့ရတာပါ။ နို့မို့ဆို မလိုက်ဘူး။ မောင်းနေရင်း အကွေ့ရောက်တော့ ဘယ်က မှန်းမသိတဲ့ ကားက ဝင်တိုက်လိုက်တာကြောင့် အရှိန်ကြောင့် နဖူးက ရှေ့ခုံနဲ့ ပြေးဆောင့်ကာ ဖုလေးထသွားလားတောင် မသိ။

ခေါင်းလေး အတော်အီသွားတော့သည်။

ထိုစဉ် တစ်ဖက်ကားပေါ်က ဆင်းလာသော လူကြီးတစ်ယောက် အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းဖြင့်။

ဘေးက ဟိုလူ ကိုလရောင်မင်းကလည်း ဆင်းသွားတော့သည်။ ဒေါကြီးမောကြီးဖြင့်။ ကျွန်တော်လည်း ဘာမှ မဖြစ်အောင် နောက်ကနေ အသည်းအသန် ပြေးဆင်းလာလိုက်သည်။

ထိုစဉ် သူက ဟိုဦးလေးဆီ အမြန်ရောက်သွားကာ ထိုလူ၏အင်္ကျီစကို ဆုပ်ကိုင်ကာ ...

"ခင်ဗျား ဘယ်လိုမောင်းနေတာလဲ ကျုပ်ကားကို ဘယ်လိုလုပ်မလဲဗျ ..."

"ဆောရီးပါ ငါ့ညီရာ အစ်ကိုလည်း မတော်တဆ ဖြစ်သွားလို့ပါ ဆောရီးကွာ ..."

"ဟ ခင်ဗျားဆောရီးလို့ ပြောတိုင်းရမလား ကားက ဝယ်ထားတာ မကြာသေးဘူးလေ ..."

ဟိုဘက်က အေးဆေးပြောနေပေမယ့် ကိုလရောင်က အော်ပြောနေတာကြောင့် လူတွေက စူးစမ်းသလို ကြည့်လာကြသည်။

"ကိုလရောင် ဖြည်းဖြည်းပြောပါ လူတွေအများကြီး ကြည့်နေတယ်လေ ..."

ကျွန်တော် ဝင်တားတော့ ကိုလရောင် လွှတ်ပေးလိုက်ပြီး ထိုလူကြီးက ကျွန်တော့်အား စူးစိုက်ကြည့်ရင်း ...

"ဪ ငါ့ညီက ဘေးက ကလေးကိုတော့စိတ်မပူဘူး ကားကိုစိတ်ပူနေတဲ့ပုံပဲ ဘေးကကလေး နဖူးတစ်ခုလုံး ရဲနေတာပဲ စိတ်ချပါ ကားက အစ်ကိုပြန်ပြင်ပေးပါ့မယ် ..."

"ကျုပ်က သူနဲ့ဘာဆိုင်လို့ စိတ်ပူရမှာလဲ သူ့ဘာသာ သေသေပေါ့ ကျုပ်ကားကို အကောင်းတိုင်း ပြန်လုပ်ပေး ကျုပ် အာမခံနဲ့ ဖုန်းပြောလိုက်ဦးမယ် ..."

ဘယ်လောက်ပဲ မတည့်ဘူးပြောပေမယ့် လူတစ်ယောက်လုံး ထိခိုက်မိတာကို ပြောဆိုသွားတာက စိတ်မကောင်းဖြစ်စေသလို ဝမ်းနည်းမိသည်ဖြစ်လာရသည်။ ဟန်မဆောင်နိုင်စွာ ခေါင်းကို ငိုက်ကျနေမိသည်။

"ဘာလဲ စိတ်မကောင်းဖြစ်သွားတာလား ..."

"ဗျာ မဟုတ်ပါဘူး ..."

"ခေါင်းလေး အတော်နီနေတယ် ရေနွေးအိတ်လေးနဲ့ အုံပေးလိုက် ... ဟော့ ... ဖုတောင်ဖုနေပြီပဲ ..."

ကျွန်တော့်နဖူးကိုကိုင်ရင်း ပြောနေတာကြောင့် လူကမနေတတ်လို့ ခေါင်းရှောင်လိုက်ကာ ...

"ဟုတ်ကဲ့ အဲဒီလိုလုပ်လိုက်ပါ့မယ် ..."

ထိုလူက ဘာမှဆက်မပြောဘဲ အကြည့်စူးစူးတို့ဖြင့် စိုက်ကြည့်နေတာကြောင့် ခေါင်းကိုသာ ငုံ့ထားလိုက်ရသည်။ အဲဒီလောက် ကြည့်မနေနဲ့လေ ငါ့မျက်နှာ ဘယ်နားထားရမှာတုံး စိတ်ညစ်ပါတယ်။ ကျွန်တော့် ထိုလူရဲ့ အကြည့်အောက်မှာ ရှက်နေမိသည်။

"အာမခံကို ကျွန်တော် ဖုန်းဆက်ပြီးပြီ ခဏနေ ကားကိုလာကြည့်လိမ့်မယ် ခင်ဗျားဘက်က လုပ်ပေးစရာရှိတာတွေ သူနဲ့ရှင်းလိုက်ပါ ..."

"တောင်းပန်ပါတယ် ညီရ အစ်ကိုက အလုပ်နဲ့အကိုင်နဲ့လေ စောင့်လို့မရဘူး ..."

"ခင်ဗျားက အလုပ်နဲ့အကိုင်နဲ့ဆိုတော့ ဘယ်သူက အလုပ်လက်မဲ့ ဖြစ်နေလို့လဲ ..."

ဘယ်လိုလူလဲ လူကိုများ အလုပ်လက်မဲ့တဲ့ တစ်စစီ ဆွဲထိုးလိုက်ရရင် ငါမကောင်း ဖြစ်ဦးမယ်။ ဟိုညဆိုတဲ့ကောင်က အဲဒီလူပြောတာ ပြုံးစိစိလုပ်နေတယ်။ အား ... ငါဒီနေ့ အသက်ရှည်ပ့ါမလား။ လရောင်မင်း ဖြစ်သမျှ အဖြစ်အပျက်တို့ကို ဒေါသထွက်နေရသည်။ လိုချင်လွန်းလို့ ဝယ်ထားရတဲ့ ကားလေးကိုပါ လရောင်မင်း နှမြောနေရသည်။

"အစ်ကို့မန်နေဂျာကို ခေါ်ထားပါတယ် သူလည်း ရောက်လာတော့မှာပါ ..."

"အိုကေလေ ကျွန်တော်တို့ ဒီဆိုင်ထဲက စောင့်နေမယ် ..."

"ဟိုလေ ကလေး ဦးကော လိုက်လို့ရမလား ..."

"ခင်ဗျာ ..."

ညအလင်း လန့်တောင်လန့်သွားရသည်။ မိမိကို ကလေးဆိုသောကြောင့်ပင် ဖြစ်သည်။ နောက်ထပ် အသံတစ်ခု ပြတ်သားတိကျစွာ ထွက်လာသည်။

ထိုအသံကတော့ ...

"မရဘူး ..."

သူ့ကို ကလေးလို့ခေါ်တော့ ဖြစ်နေတဲ့ ရုပ်ကိုက။ ဒီလူက ဘာလဲ နှာဘူးလား။ ဒီလိုခေါ်တာ ဟိုကောင်က ဖြစ်ပြနေရအောင် ညအဲဒီကောင်လေးက ရော gayလားဟု လရောင်မင်း စိတ်ထဲ ဝေခွဲနေမိသည်။

လူက ကြောင်တောင်တောင် ဖြစ်သွားတယ်။ ကျွန်တော့်ကို ကလေးတဲ့လေ။ ယောကျ်ားရင့်ရင့်တစ်ဦးက အဲဒီလိုခေါ်တော့ ကြက်သီးတွေတောင် ပြောင်းပြန်ထလာတယ်။ ညအလင်း ရင်တို့ခုန်လာရသည်။ မရင့်ကျက်သေးတာတွေက ပါဝင်နေလို့ပဲလား ဘာကြောင့်လဲ ညအလင်း သူ့ကိုယ်သူမသိ။

"သဘောပါဗျ ..."

ညအလင်း သဘောတူလိုက်မိသည်။ သဘောတူခြင်းရဲ့နောက်မှ ဒေါသတစ်ခုက ကပ်ပါလာပြန်သည်။ ထိုအသံက ...

"အဲဒီလောက် ခင်ဗျားထိုင်ချင်ရင် လိုက်လာလို့ရတယ် တခြားစားပွဲမှာထိုင် မင်းနော် ည မင်းနော် ..."

ကျွန်တော့်အား လက်ကိုတထောင်ထောင်နဲ့ ပြောသွားသူကတော့ လရောင်မင်းဆိုသူပါပဲ။ ကျွန်တော်လည်း သူ့နောက်ကနေ ခပ်သုတ်သုတ်သာ ပြေးလိုက်သွားလိုက်သည်။

ဟိုလူက ဘေးခုံမှာထိုင်သလို လရောင်မင်း အဲဒီလူယုတ်မာကြီးကတော့ သူ့သူငယ်ချင်းလို့ ယူဆရတဲ့ နှစ်ယောက်ရှိရာခုံမှာ ထိုင်လိုက်တာကြောင့် ကျွန်တော်လည်း သူ့ဘေးကခုံမှာ ဝင်ထိုင်လိုက်သည်။

"ဟာ လရောင်မင်း ဘာညာအသစ်လေးလားကွ ..."

"အ ..."

ထိုသို့ပြောလိုက်သူရဲ့ နောက်ဆက်တွဲအသံကတော့ အ ဆိုတာပါပဲ။ ကို လရောင်မင်း ထိုပြောတဲ့ လူအား ခေါက်လိုက်ခြင်းကြောင့်ပါ။

"အဲဒီကောင် မင်းတို့မမှတ်မိဘူးလား ..."

ထိုသို့ လရောင်မင်း အဲဒီလိုမေးလိုက်တော့ နှစ်ယောက်လုံး ခေါင်းလေးတ ခါခါဖြင့်။

"အေးသူက ငါအထက်တန်းက ကျောင်းဆင်းကျောင်းတက် တစ်ချိန်လုံး င့ါခြေထောက်ကို မျှော့လိုကပ်ပြီး ကိုကို ကိုကိုနဲ့ ကပ်နေတဲ့ ကပ်ပါးပေါက်စ ပဲလေ ..."

"အား ... ကပ်ပါးပေါက်စလေး အရွယ်ရောက်လာတော့ လှလိုက်တာ ..."

မရတော့ဘူး နာမည်ပြောင်လည်း ပေးထားသေးတယ်။ ခုလည်းလှတယ် တဲ့ မရတော့ဘူး င့ါဒေါသ မျိုချ မျိုချ။ ညအလင်း ဒေါကန်လာတာ ထိန်းမရ တော့။

"အစ်ကိုတို့ပေးတဲ့ နာမည်ပြောင်က သိပ်လှတယ်နော် ပြီးတော့ ကျွန်တော်က ယောကျ်ားလေးပါ မလှဘူး ခန့်တာဗျ ..."

ထိုစဉ် သူတို့ထဲက လေးထောင့်မျက်နှာပိုင်ရှင်တစ်ဦးက ...

"စွာစွာလေးပဲ ချစ်စရာလေးကွာ uke လေးတောင် တော်ချင်တယ် ..."

"ဘာဗျ ..."

"အ ..."

ထိုလူရဲ့ခေါင်းပေါ် နောက်တစ်ကြိမ် လက်ရောက်သွားတာကတော့ လရောင်မင်းပေါ့။

ဟိုဘက်က လူကြီးကလည်း စိုက်ကြည့်နေတာ မပြီးတော့ပါ။ သူ့

သူငယ်ချင်းတွေနဲ့ လျှောက်လည်ဖြစ်သည်။ ကားလည်း ပြင်ရင်းပေါ့။ ခင်ဖို့တော့ ကောင်းကြပါတယ် သူ့သူငယ်ချင်းနောက်တစ်ယောက်ကတော့ လူအနား ကပ်နေသလိုပင် ပခုံးကိုင်လိုက် စလိုက် စကား လာပြောလိုက်နဲ့ ဘာလဲမသိ။ ညအလင်း စိတ်ညစ်မိသည်။

ညနေလောက် အလည်လွှန်လာကြတာ သူနဲ့ အငှားကားစီး၍သာ ပြန်လာကြသည်။ သွားရင်း သူ အငှားကားကို ခဏရပ်ခိုင်းလိုက်တာကြောင့် အငှားကားသမားက ဘေးကို ထိုးရပ်ပေးလိုက်သည်။

ထိုစဉ် သူက ...

"ငါ့ကို ရေဝယ်ပေးပါလား ငုံဆေးကော ငါနည်းနည်းမူးနေလို့ ..."

အလည်လွှန်တာ နေမှာပေါ့။ ကျွန်တော်လည်း ပိုက်ဆံယူကာ ဘေးကဆိုင်ကိုသွားကာ ရေနဲ့ငုံဆေး မုန့်ပါဝယ်လာလိုက်သည်။ ကားရပ်ထားတဲ့နေရာကို ပြန်လျှောက်လာတော့ ကားမရှိတော့။

ခေါင်းတွေတောင် လည်လာသည်။ ဘေးဘက်တွေမှာများ ကျွန်တော့်ကိုနောက်ပြီး ပုန်းနေမလားလို့ ရှာရသေးတယ်။ ဒါပေမဲ့ ဘယ်သူမှမတွေ့ ကားလည်း အစအနရှာမရ။

အိမ်ကိုဖုန်းဆက်ဖို့ ဘောင်းဘီအိတ်ကပ်ထဲ ရှာတော့ ဖုန်းကကားထဲမှာ ကျွန်တော့်အိတ်ထဲ ပါသွားသည်။ ဘယ်သူ့ကို ဆက်သွယ်ရမှာလဲ အိမ်ဖုန်းနံပါတ်လည်း အလွတ်မရဘူး။ ဒီလူ တမင်လုပ်တာ။ ငါ့ကိုမုန်းလို့ တမင်လုပ်တာ။

မကောင်းတဲ့လူကြီး မကောင်းဆိုးဝါးကြီး အသေဆိုးနဲ့ သေပါစေ။ အယုတ်တမာကောင်ကြီး ငိုးကောင်ကြီး။

"ဟီး ... ဗြဲ ... မေကြီးရေ ဟီး ... ဘာလို့ အဲဒီလို မကောင်းတဲ့လူနဲ့မှ သား

ကို ပေးတွေ့ရတာလဲ ဟီး ..."

"ကလေး ..."

လရောင်မင်း စိတ်မရှည်စွာ စောင့်နေမိသည်။ ကားပေါ်ကနေ ဟိုကောင်လေးကို စောင့်နေတုန်း ဖုန်းဝင်လာသည်။ ထိုဖုန်းက မဆီက ...

"မောင် မ မြန်မာပြည်ပြန်ရောက်နေပြီ '......' မောင်အဲဒီကို လာခဲ့ပါ ..."

"အစ်ကို ကျွန်တော့် ကို '......' အဲဒီကိုမောင်းပေးပါ ..."

"ဟိုကလေးကကော ..."

"သူ့ထားလိုက်ပါ သူပြန်တတ်တယ် မောင်းပေးပါဗျာ မြန်မြန်လေး ..."

ရောက်ရောက်ချင်း တွေ့လိုက်ရတာကတော့ သူမ ကိုင်ထားတဲ့ လက်မောင်းတစ်ဖက်က ...။

***